http://www.dhammadownload.com

တစ်လတစ်ကြိမ်ထုတ်ဝေပါသည်။

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ရဲကျော် စီစဉ်ရေးဆွဲသည့်

ရွှေမောင်း

ဝမ္မ ရသ သုတ ရုပ်စုံ

ဆေးရောင်စုံရုပ်ပြ

No.17 December, 2012

Shwe Moung Colourful Mini Comic

www.facebook.com/ShweMoungComic

အဖိုးတန်ပစ္စည်းတွေ ဝယ်ထားရုံနဲ့
အဖိုးတန်ပစ္စည်းတွေ သုံးနေရုံနဲ့
လူအဖိုးတန်မဖြစ်ဘူး။
လူအဖိုးတန်ဖြစ်ချင်ရင်
လူတွေကို ကောင်းကျိုးပြုတဲ့
အလုပ်ကို လုပ်မှပဲ ဖြစ်လိမ့်မယ်။

မဟာမြိုင်တောရဆရာတော် ဘဒ္ဒန္တ ဇောတိက



ဘေးဆိုးကင်းလွတ် 'ပဋ္ဌာန်း' ရွတ်

ပိစိကျေး နှင့် ဘုတ်အိုမ ပါဝင်သည်

ပဋ္ဌာန်းတရားတော်နှင့်ပတ်သက်၍ အချိန်ယူ ရေးဆွဲစီစဉ်ရသည့် အတွက် ပုံမှန်ထွက်ရက်ထက်အနည်းငယ်နောက်ကျရသည်ကို ခွင့်လွှတ်သည်းခံပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

စာမေးပွဲ နီးလာပြီဖြစ်၍ "ပိစိကွေး" နှင့် "ဘုတ်အိမ" တို့ မောင်နှမ နှစ်ယောက် အချိန်နှင့်အမျှ ကျောင်းစာများကို ကျက်မှတ် လေ့ကျင့်နေကြရပြီ။
သို့သော်--သူတို့အိမ်နှင့်--မလှမ်းမကမ်းတွင်ရှိနေသော ဓမ္မာရုံဆီမှ အသံမစဲမဟာပဋ္ဌာန်းပွဲ မှ ရွတ်ဆိုနေသည့် လော်စပီကာမှအသံကြောင့် သူတို့မောင်နှမ စာကျက်၍ မရအောင်ပင် ဖြစ်နေကြရရှာသည်လေ။
အကြိမ်(၃၀)မြောက် အသံမစဲမဟာမြတ်ပဋ္ဌာန်းရွတ်ဆိုပွဲတော်
ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော
ဒုက္ခပါပဲဟယ်-- ဟောဒီစာတစ်ပုဒ်ကိုကျက်တာ--အဲဒီ စပီကာအသံကြောင့်--ဘယ်လိုမှ--ကျက်လို့ မရဘူး--
ဟုတ်တယ်--မမရဲ့ သားလည်း--သင်္ချာတွက်နေတာ အဲဒီအသံကြောင့်--အလီတွေတောင် မေ့ကုန်ပြီ--
ဟဲ့--ဒီ--ကလေးတွေ ငရဲကြီးတော့မှာပဲ--ပဋ္ဌာန်းရွတ်နေတာကို အဲဒီလို--မပြောရဘူးလေ
ကလေးတွေပြောတာ--မမှားပါဘူးအမေရယ် သူတို့က--ပဋ္ဌာန်းတရားတော်ကို စော်ကားပြစ်မှားနေတာမှမဟုတ်ဘဲ အဲဒီ အသံချဲ့စက်အသံကြောင့် သူတို့ စာကျက်လို့မရတာကို ရိုးရိုးသားသား ပြောတာပါဗျာ--သူတို့မှာ အပြစ်မရှိပါဘူး--
အသံမစဲမဟာပဋ္ဌာန်းပွဲ ဆိုတာက နေ့ရောညပါ အခါမလပ် ရွတ်ဆိုကြတာ ဆိုတော့--အခုလို အသံကျယ်လွန်းရင် ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေတာပဲလေ--ဒါက--ဘာသာရေးအလုပ် လုပ်နေတာပဲဆိုပြီး--ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့သဘောပေါ့ အမေရဲ့--
"အဖွားမှုံ" က ဘာမှဆက်မပြောတော့ဘဲ မီးဖိုခန်းဆီသို့ ဝင်သွားလေပြီ။

"လေးလေးဝ"ဓမ္မာရုံသို့ ထွက်သွားပြီး မကြာမီမှာပင် ဓမ္မာရုံမှ စပီကာအသံကို ကြားရရုံမျှ တိုးတိုးညင်သာစွာ ဖွင့်လိုက်သည်ကို ကြားလိုက်ရသဖြင့်--မောင်နှမ နှစ်ယောက်--ဝမ်းသာစွာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး လက်မထောင်ပြလိုက်ကြ၏။
ထိုအခါမှ--မောင်နှမနှစ်ယောက် ကျောင်းစာကို အသေအချာ ကျက်မှတ် လေ့ကျင့်နိုင်လေတော့သည်။
"လေးလေးဝ"ပြန်ရောက်လာသည့်အခါ--
"လေးလေးဝ"အဲဒီ အသံမစဲ--ပဌာန်းရွတ်တာ-- ဘာကြောင့်--ရွတ်ကြတာလဲ-- ဟင်
အင်း--ငါ့တူတို့ သိချင်တာကို--လေးလေးဝ သေသေချာချာရှင်းပြမယ်--အခုတော့ စာကျက်ချိန်--စာပြီးအောင်လုပ်ကြဦး စာလုပ်ပြီးမှ--အပေါ်ထပ်ကို တက်လာခဲ့ကြ--နော်
ဤသို့ဖြင့်--သူတို့မောင်နှမ နှစ်ယောက် စာကျက်ပြီးသည်နှင့်--အပေါ်ထပ်ဆီသို့ တက်ခဲ့ကြလေတော့၏။
ဟော--ဒီမောင်နှမ စာလုပ်ပြီးကြပြီလားကွ
ဟုတ်ကဲ့--
"လေးလေးဝ"က သားတို့စာကျက်ပြီးရင်--ပဌာန်း နဲ့ ပတ်သက်ပြီး ရှင်းပြမယ်ဆို--
ဟုတ်တယ်-- ရှင်းပြမှာပေါ့--လာ ဒီမှာထိုင်ကြ--



ပဌာန်းပါဠိတော်	အသံထွက်
ဟေတုပစ္စယော	ဟေတုပစ်စယော
အရမ္မဏပစ္စယော	အရမ်မဏပစ်စယော
အဓိပတိပစ္စယော	အဓိပတိပစ္စယော
အနန္တရပစ္စယော	အနန်တရပစ်စယော
သမနန္တရပစ္စယော	သမနန်တရပစ်စယော
သဟဇာတပစ္စယော	သဟဇာတပစ်စယော
အညမညပစ္စယော	အညမညပစ်စယော
နိဿယပစ္စယော	နိတ်သယပစ်စယော
ဥပနိဿယပစ္စယော	ဥပနိတ်သယပစ်စယော
ပုရေဇာတပစ္စယော	ပုရေဇာတပစ်စယော
ပစ္ဆာဇာတပစ္စယော	ပစ်ဆာဇာတပစ်စယော
အာသေဝနပစ္စယော	အာသေဝနပစ်စယော
ကမ္မပစ္စယော	ကမ်မပစ်စယော
ဝိပါကပစ္စယော	ဝိပါကပစ်စယော
အာဟာရပစ္စယော	အာဟာရပစ်စယော
ဣန္ဒြိယပစ္စယော	အိန်ဒရိယပစ်စယော
ဈာနပစ္စယော	ဈာနပစ်စယော
မဂ္ဂပစ္စယော	မက်ဂပစ်စယော
သမ္ပယုတ္တပစ္စယော	သမ်ပယုတ်တပစ်စယော
ဝိပ္ပယုတ္တပစ္စယော	ဝိပ်ပယုတ်တပစ်စယော
အတ္ထိပစ္စယော	အတ်ထိပစ်စယော
နတ္ထိပစ္စယော	နတ်ထိပစ်စယော
ဝိဂတပစ္စယော	ဝိဂတပစ်စယော
အဝိဂတပစ္စယောတိ။	အဝိဂတပစ်စယောတိ။



http://www.dhammadownload.com

http://www.dhammadownload.com

ဗိုလ်မှူးကြီး "ဟင်နရီစတီးလ်အောလ်ကော့" (Col. Henry Steele Olcott)

Cyan Magenta Yellow Black

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

တစ်ကိုယ်တော်ဓားပြ"ဗိုလ်သံခဲ"ဟာ အဲဒီနေ့ညမှာပဲ--ဆရာတော်"ရှင်စန္ဒိမာ"ရဲ့ကျောင်းဝင်းထဲကို တိတ်တဆိတ် ဝင်ရောက်လာခဲ့ပြီး--
ကျောင်းအပေါ်ထပ်က-- ဆရာတော်ကျိန်း(အိပ်)တဲ့နေရာကို ရောက်လာခဲ့တာပေါ့
"ဗိုလ်သံခဲ"လက်ထဲက ဓားက ပြတင်းပေါက်ကဝင် လာတဲ့ လရောင်ကြောင့် လက်ခနဲဖြစ်သွားလို့--ဆရာတော်က ဖျပ်ခနဲ နိုးသွားပြီးထထိုင်လိုက်တဲ့အချိန်မှာ
"ဗိုလ်သံခဲ"လက်ထဲကဓားက ဆရာတော်၏ လည်ပင်းဆီသို့ လှစ်ခနဲရောက်နေပြီလေ
ဘုန်းကြီး--မလှုပ်နဲ့--နော် လုံးဝအသံမထွက်နဲ့--အသံထွက်ရင် လည်ပင်းပြတ်သွားမယ်--ကျုပ်ကို ငွေတွေ အမြန်ဆုံးပေးစမ်းပါ--ဒါပဲ
ဒကာကြီး--ကျုပ်ကဘုန်းကြီးပါ ဘယ်က ငွေရှိပါ့မလဲ--ဒကာ တစ်ခုခု အထင်လွဲနေပြီထင်တယ်
ဘုန်းကြီးကို--ဟိုမြို့က သူဌေးက သိမ်ကျောင်းဆောက်ဖို့--ငွေတွေအပ်ထားတာ ကျုပ်သိတယ်--အဲဒီငွေတွေ--အခု ထုတ်ပေး--
သြော်--ဖြစ်မှဖြစ်ရလေ--ဒကာရယ် အဲဒီငွေတွေက--သိမ်ကျောင်းဆောက်မှာဆိုတော့ သိမ်ကျောင်းအတွက် လိုအပ်တာတွေ သွားဝယ်လို့ ကုန်ပြီပဲ--
ဓားပြ"ဗိုလ်သံခဲ"က ဆရာတော်ရဲ့ စကားကိုလုံးဝမယုံဘဲ-သူ့ကိုလိမ်ညာပြောနေတယ် ဆိုပြီး--ဒေါသထွက်တာပေါ့
ဒီတော့--ဆရာတော်ကို--အသင့်ပါလာတဲ့ ကြိုးနဲ့ တုပ်ပြီး တစ်ခန်းလုံးမွှေနှောက်ရှာပါလေရော

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com




ရဟန်းက သက်တော်(၄၀)ကျော်လောက်သာ ရှိပါသေးတယ်--
စက်လှေပေါ်က အလုပ်သမားတွေကလည်း အလှူခံလာတဲ့ ဘုန်းကြီးပဲဆိုပြီး ဘယ်သူမှ အရေးမလုပ်ကြဘဲ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြတာပေါ့
ရဟန်းက စက်လှေပိုင်ရှင်သူဌေးဆီကို လျှောက်သွားပြီး--ဒီစက်လှေနဲ့ မြိတ်မြို့ကို လိုက်ပါရစေဆိုပြီး အမိန့်ရှိတယ်လေ
စက်လှေပိုင်ရှင် သူဌေးကလည်း ခရီးသွားရဟန်းရဲ့ တည်ကြည်တဲ့ အသွင်ကိုမြင်လိုက်ရတော့ အလွန်ကြည်ညိုမိတာကြောင့် ထိုင်နေရာကထပြီး ရဟန်းကို ဂါရဝပြု ကန်တော့တယ်
ပြီးတော့--သူ့စက်လှေက စာရေးလေးကိုခေါ်ပြီး ခရီးသွားရဟန်းကို စက်လှေဦးခန်းမှာ နေရာချထားပေးဖို့ တာဝန်ပေးလိုက်တယ်ဆိုပါတော့
သာဓု--သာဓု--သာဓု
ဒီလိုနဲ့--ကုန်တွေတင်ပြီးတဲ့အခါ စက်လှေက ရန်ကုန်ဆိပ်ကမ်းကနေ စတင်ထွက်ခွာလာခဲ့တယ်လေ

စက်လှေသူဌေးက စက်လှေဦးခန်းကို ရောက်လာပြီး ခရီးသွားရဟန်း ရဲ့အခြေအနေကို အကဲခတ်ကြည့်တဲ့အခါ--
သူ့စာရေးလေး စီစဉ်ပေးထားခဲ့တဲ့ လှေဦးမှာ ထိုင်ပြီး တရားရှုမှတ်နေတာကို တွေ့လိုက်ရလို့--ဘာမှ မပြောခဲ့တော့ဘဲ ကိုယ့်နေရာကိုယ်--ပြန်လာထိုင်နေ လိုက်တာပေါ့
စက်လှေထဲမှာ လိုက်ပါလာကြတဲ့ ခရီးသည် တွေနဲ့--အလုပ်သမားတွေကိုလည်း သိပ်ဆူဆူညံညံ မလုပ်ကြဖို့ သတိပေးထားလိုက်တယ်လေ
ဒီလိုနဲ့--ရန်ကုန်ကထွက်ခွာလာခဲ့ပြီး မကြာခင်မှာပဲ--နေမင်းကြီးက အနောက်ဘက် ပင်လယ်ကြီးထဲ ငုပ်လျှိုးသွားပြီး ညဘက်အချိန်ကိုရောက်လာတာပေါ့
အတော် ညဥ့်နက်တဲ့အခါ-- စက်လှေပိုင်ရှင်က စက်လှေပေါ်ကို လှည့်ပတ်ကြည့်ရင်း ခရီးသွားရဟန်း ရဲ့အခြေအနေကို အကဲခတ်ကြည့်တဲ့အခါ လှေဦးမှာ ငုတ်တုပ်ထိုင်ရင်း တရားမှတ်နေတာကိုပဲ တွေ့ခဲ့ရပြန်သတဲ့
ဒါကြောင့်--သူ့စက်လှေမှာပါတဲ့သူတွေကို မနက်အရုဏ်တက်ရင် ခရီးသွားရဟန်းကို ဆွမ်းကပ်ရအောင် စီစဉ်မှာကြားထားလိုက်တယ်လေ
မနက်အရုဏ်တက်ချိန်ရောက်တော့ စက်လှေပိုင်ရှင်သူဌေးက အိပ်ရာကထလာပြီး ခရီးသွားရဟန်းကို အရုဏ်ဆွမ်းကပ်ဖို့ ပင့်တဲ့အချိန်ထိ ရဟန်းက လှေဦးမှာ တရားရှုမှတ်နေတုန်းပဲတဲ့


ခရီးသွားရဟန်းက ဆွမ်းမကပ်ခင်မှာ စက်လှေပေါ်မှာပါလာသူတွေကို ငါးပါးသီလခံယူစေပြီးမှ ဆွမ်းကို အလှူခံတယ်--
ခရီးသွားရဟန်းက ဒကာတွေ လှူဒါန်းဆက်ကပ်လာတဲ့ ဆွမ်းတွေကို သပိတ်ထဲမှာထည့်ပြီး ဘုဉ်းပေး(စား)တယ်လေ ဆွမ်းစားနေတုန်းမှာလည်း စကားတစ်ခွန်းမှ မပြောဘဲ--တရားရှုမှတ်ရင်း ဘုဉ်းပေးတာကိုမြင်ရတော့--
စက်လှေသူဌေးနဲ့အတူ ဒကာဒကာမတွေ အားလုံး ခရီးသွားရဟန်းကို အရမ်းကြည်ညိုနေမိကြတာပေါ့
ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကျတော့မှ စက်လှေသူဌေးက စကားစပြီးလျှောက်တင်တယ်လေ
အရှင်ဘုရား--ညက ကျိန်းစက်လို့(အိပ်လို့)ပျော်ပါရဲ့လားဘုရား--
ဒကာကြီး--ရဟန်းဆိုတာ ဒကာမတွေနဲ့ အမိုးတစ်ခုထဲမှာ မအိပ်ရဘူးလို့ ဝိနည်းသိက္ခာပုဒ်တော် ရှိတယ်--ဒါကြောင့် ဦးပဉ္ဇင်းက စက်လှေအမိုးနဲ့လွတ်ရာ လှေဦးမှာထိုင်လို့ တရားမှတ်ရင်း ညအချိန်ကို ကုန်စေခဲ့တယ် ဒကာကြီး
ခရီးသွားရဟန်းက စကားကို တိုတိုပဲအမိန့်ရှိပြီး သာခုသုံးကြိမ်ခေါ်လိုက်တယ်--ဒီနောက်--လှေဦးဆီကိုပဲ ပြန်ကြွတော်မူတယ်
စက်လှေသူဌေးနဲ့ ဒကာ ဒကာမတွေ အားလုံး ခရီးသွားရဟန်းကို ကြည်ညိုလွန်းလို့ လက်အုပ်ချီပြီး ဦးချကန်တော့လိုက်ကြတယ်လေ

http://www.dhammadownload.com



ခရီးသွားရဟန်းက လှေဦးကနေ မုန်တိုင်းလာရာဘက်ကို မျက်နှာမူပြီး ပဌာန်းဒေသနာတော်ကိုနှုတ်မှ တဖွဖွရွတ်ဆိုပူဇော်နေသတဲ့
ဟေတုပစ္စယော--တိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော--
လှေဦးကနေ ခရီးသွားရဟန်း--က ပဌာန်းရွတ်နေချိန်မှာ စက်လှေသူဌေးက မုန်တိုင်းကို ရင်ဆိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်ခိုင်းနေတာပေါ့
ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော
ဟိတ်--ငပိန်--ဘာလုပ်နေတာလဲ လှေပေါ်က ကြိုးတွေကို သေသေချာချာချည်စမ်း
ဝက်ပုတ်--စက်လှေထဲက မလိုတဲ့ပစ္စည်းတွေ ရေထဲလွှင့်ပစ်စမ်း
ခရီးသွားရဟန်းက ပဌာန်းတရားတော်ကို အခေါက်ခေါက် အခါခါ ရွတ်ဆိုရင်း ကနေ နာရီဝက်လောက် အကြာမှာတော့--
ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော

http://www.dhammadownload.com



Cyan Magenta Yellow Black

အခုလိုကာလမှာ--ရာသီဥတုတွေ ဖောက်ပြန်လာပြီး--မုန်တိုင်းတွေတိုက်--ငလျင်တွေလှုပ် မြေကြီးကအက်ကွဲ--ကောင်းကင်ကမြည်ဟည်းလို့ ကမ္ဘာအနှံ့ ဘေးအန္တရာယ်တွေ ကျရောက်နေတာ တွေ့နေရတယ်လေ
မကြာခင်ရက်ပိုင်းကပဲ ရွှေဘိုနယ်ဘက်မှာ အင်အားပြင်းထန်တဲ့ငလျင်လှုပ်လို့ အဆောက်အအုံတွေပြိုကျ မြေတွေအက်ကွဲ၊ တံတားတွေကျိုးကျတာ သတင်းတွေမှာ--တွေ့လိုက်ကြရတယ်မဟုတ်လား--
ဒီတော့--ဒါမျိုးအန္တရာယ်တွေက လွတ်ကင်းရအောင်--တို့ ဗုဒ္ဓဘာသာတွေက "ပဌာန်း" ရွတ်ဆို ပူဇော်ပြီး ကာကွယ်တားဆီးကြဖို့ လိုနေပြီ--နော်
ပတ်ဝန်းကျင်က နားမခံသာအောင် အသံချဲ့စက်တွေ သုံးပြီး ရွတ်နေမယ့်အစား--တိုးတိုးညင်သာစွာနဲ့ ရွတ်ဆိုပူဇော်ကြဖို့တော့ လိုတာပေါ့--နော်
ရဟန်းသံဃာတော်တွေတင်မကပါဘူး အိမ်တိုင်း၊ လူတိုင်း လူကြီးရော ကလေးပါ "ပဌာန်း" ရွတ်ကြမယ်ဆိုရင် ဒီလို ဘေးအန္တရာယ်တွေက လွတ်ကင်းကြရမှာလေ--
ငါ့တူတို့အရွယ် ကလေးတွေကတော့ ဟေတုပစ္စယော အစချီတဲ့ (၂၄)ပစ္စည်းကို အလွတ်ရအောင် ကျက်မှတ်ပြီး နေ့စဉ်ရွတ်ကြပေါ့ကွာ
ပဌာန်း(၂၄)ပစ္စည်း ရဲ့အဓိပ္ပါယ်ကတော့ ခက်ခဲ လေးနက်တာကြောင့် နောက် အချိန်ရမှပဲ လေးလေးဝ သေသေချာချာ ရှင်းပြပါ့မယ်

http://www.dhammadownload.com

http://www.dhammadownload.com

"ရွှေမောင်"ဓမ္မရသသုတရုပ်စုံ ကို လစဉ် လဆန်း(၁၀)ရက်ဝန်းကျင်တွင် ထုတ်ဝေဖြန့်ချိနိုင်အောင် စီစဉ်ခဲ့ပါသည်။ သို့သော်--ရေးဆွဲရသည့် အကြောင်းအရာကိုလိုက်၍ အမှားအယွင်းမရှိအောင် အထူးဂရုတစိုက် ဆောင်ရွက်ရခြင်းကြောင့် စာအုပ်ထွက်ရက် အနည်းငယ်နောက်ကျခဲ့ရသည့်လများလည်းရှိခဲ့ပါသည်။ ယခုလတွင်လည်း "ပဋ္ဌာန်း" တရားတော်နှင့်ပတ်သက်၍ ကလေးငယ်တို့သိရှိနားလည်လောက်အောင် အထူးကြိုးစားပြီး အချိန်ယူရေးဆွဲရသဖြင့် ပုံမှန်ထွက်ရက်ထက် နောက်ကျမှဖြန့်ချိရသည်ကို နားလည်ခွင့်လွှတ်ပေးပါရန် အထူးမေတ္တာရပ်ခံလိုက်ရပါသည်။

သူတော်ကောင်းတာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ

ပန်းချီ ရဲမာန်

ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅၉
E mail: yemarn.sm@gmail.com
www.facebook.com/ShweMoungComic

အမှားပြင်ဆင်ချက်။ ။ "ရွှေမောင်"အမှတ်စဉ်(၁၆)"ကထိန်--ဟူသည်"စာမျက်နှာ ၂၂ ၏ နောက်ဆုံးစာပုဒ်မှ "အဇိတ"ကို"ဝိဇိတာဝီ"ဟု ပြင်ဆင်ဖတ်ရှုကြပါရန်။

http://www.dhammadownload.com

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ အမှတ်စဉ်(၁)မှ(၁၂)ထိ
ပေါင်းချုပ်စာအုပ်ကိုအလိုရှိပါက အလိုတော်ပြည့်စာပေ
သို့ တိုက်ရိုက်မှာယူနိုင်ပါသည်။
တစ်အုပ်လျှင်(၆၅၀၀ ကျပ်)ဖြင့်(ရန်ကုန်မြို့အတွင်း)
အိမ်အရောက် ပို့ဆောင်ပေးပါမည်။

တန်ဖိုး
၆၅၀၀ ကျပ်



ရွှေမောင်း ဓမ္မရသ သုတရုပ်စုံ
၁၂ အုပ် ပေါင်းချုပ်တွင်--ပါဝင်သော စာအုပ်များ

အမှတ်စဉ် (၁) "ဩကာသ--ဟူသည်"	အမှတ်စဉ် (၇) "ကောသလမင်းကြီး၏အိပ်မက်(၁၆)ချက်"
အမှတ်စဉ် (၂) "ငရဲ--ဟူသည်"	အမှတ်စဉ် (၈) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ပ)
အမှတ်စဉ် (၃) "ပြိတ္တာ--ဟူသည်"	အမှတ်စဉ် (၉) "နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"(ဒု)
အမှတ်စဉ် (၄) "ကာယဒုစရိုက်--ဟူသည်"	အမှတ်စဉ် (၁၀) "နတ်ပြည်(၆)ထပ်--ဟူသည်"
အမှတ်စဉ် (၅) "ဝစီဒုစရိုက်--ဟူသည်"	အမှတ်စဉ် (၁၁) "ခင်ပွန်းကြီး(၁၀)ပါး--ဟူသည်"
အမှတ်စဉ် (၆) "မနောဒုစရိုက်--ဟူသည်"	အမှတ်စဉ် (၁၂) "ငါးပါးသီလ--ဟူသည်"

ပေါင်းချုပ်စာအုပ်(၅)အုပ်အထက်မှာယူသူများကို
တစ်အုပ်လျှင်(၆၃၀၀ ကျပ်)နှုန်းဖြင့်ရောင်းချပေးပါမည်။

ရွှေမောင်း အမှတ်စဉ် (၁၃) ဩဂုတ်လ၊ ၂၀၁၂ "ရတနာသုံးပါး ဂုဏ်တော်များ"
ရွှေမောင်း အမှတ်စဉ် (၁၄) စက်တင်ဘာလ၊ ၂၀၁၂ "မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး" (ပထမပိုင်း)
ရွှေမောင်း အမှတ်စဉ် (၁၅) အောက်တိုဘာလ၊ ၂၀၁၂ "မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး" (ဒုတိယပိုင်း)
ရွှေမောင်း အမှတ်စဉ် (၁၆) နိုဝင်ဘာလ၊ ၂၀၁၂ "ကထိန်"ဟူသည်
ရွှေမောင်း အမှတ်စဉ် (၁၇) ဒီဇင်ဘာလ၊ ၂၀၁၂ "ဘေးဆိုးကင်းလွတ် ပဋ္ဌာန်းရွတ်"

ရှေ့လ

ရွှေမောင်း အမှတ်စဉ် (၁၈)
ဇန်နဝါရီလ၊ ၂၀၁၃
စေတီ--ဟူသည်

၁၂လစာ(၁၂-အုပ်)အတွက် ၆၀၀၀ ကျပ်

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်း စနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။
စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး (စရိတ်ငြိမ်း)မပို့ပေးနိုင်သည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။
မှတ်ချက်။ ။ပို့ဆောင်ရသည့် အခက်အခဲကြောင့် ၂၀၁၂ ဇူလိုင်လမှ စတင်၍ (၆)လစာမှာယူခြင်း ကို တစ်ဦးချင်းအတွက် လက်မခံနိုင်တော့ဘဲ အနည်းဆုံး(၂)ဦးအတွက် မှာယူမှသာ (၆)လစာ ပို့ပေးနိုင်ပါမည်။

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို ဝယ်ယူရရှိနိုင်သည့်နေရာများ။
- ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း စာအုပ်အရောင်းဆိုင်(ပင်မ)၊သိမ်ကြီးဈေး(စီရုံ) ပထမထပ်၊ အဆောင်(၄)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
- ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ အမှတ်(၂၂)အခန်း(၃) ဘဏ်လမ်း၊ ပင်စင်ဦးစီးဌာနရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- မင်္ဂလာဗျူဟာအသင်း စာအုပ်အရောင်းကောင်တာ၊ အာဇာနည်လမ်း၊ (ရွှေတိဂုံဘုရား အရှေ့မုခ် နှင့် မြောက်ဘက်မုခ်ကြား)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
- ရှင်သာမဏေဗိမာန်၊ စာအုပ်အရောင်းကောင်တာ အာဇာနည်လမ်း၊ (ရွှေတိဂုံဘုရား အရှေ့မုခ် နှင့် မြောက်ဘက်မုခ်ကြား)ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
- TAB စာအုပ်အရောင်းဆိုင်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
- CAPITAL HYPER MARKET၊ စာအုပ်အရောင်းစင်တာ၊ ရန်ကုန်/နေပြည်တော်။
- ဟိတာဓရ ဓမ္မစကူးလ်သင်တန်းများ၊ ကိုခင်ဇော်+မချယ်ရီလွင်၊ ပွင့်စုံသင်းရွှေဆိုင်၊ မော်လမြိုင်မြို့။
- ထွန်းဦးစာပေ၊ မန္တလေးမြို့။
- ခေတ်မီစာပေ မန္တလေးမြို့။
- ရွှေဂုံတိုင်ပွိုင့် နှင့် ၄၆လမ်း မှ ဂျာနယ်ဆိုင်ကြီးများ။
- စာပေလောက(ပန်းဆိုးတန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ လှည်းတန်း)
- ပါရမီစာပေ(ကမ္ဘာအေးဘုရားစောင်းတန်း)
- စာသူကြီး စာအုပ်ဆိုင်(ကျောက်မြောင်း)၊ အလင်းချစ်သူစာပေ(ကျောက်မြောင်း)
- ဝင်းစာပေ(တောင်ဥက္ကလာပ စာတိုက်မှတ်တိုင်)၊လူထုမိတ်ဆွေစာပေ(သဃ်န်းကျွန်းဘုရားလမ်း)
- စစ စာပေ(၃၆-ရပ်ကွက်)၊ကိုထင်ကျော်စာပေ(၃၅-ရပ်ကွက်)မြောက်-ဒဂုံ၊

အထူးအစီအစဉ်

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးလျှက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက်"ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ရိုးမဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့"ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်) ၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်) ၀၄၂၁၉၅ ။ ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၈၅၉ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။
အထူးသတိပြုရန်မှာ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

တန်ဖိုး
၅၀၀ ကျပ်

ပြည်လုံးကျွတ်ဖြန့်ချိရေး(ပင်ရင်း)
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀၅၄၈၅၉ ။

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို အင်တာနက်တွင်ဖတ်ရှုနိုင်ပါပြီ။ www.facebook.com/ShweMoungComic
ထုတ်ဝေသူ ဦးဟန်စိန်၊ ကျီးတော်လစဉ်၊ ၀၄၁၂၇၊ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ဒေါ်ခင်စီ(၁၀၀၇၆)မေတ္တာမိုးပုံနှိပ်တိုက်၊ ၂၀၁၂ ဒီဇင်ဘာလ ၊ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

SHWE MONG Colourful Mini Comic No.17